အကယ်၍ သင်တို့အနက်မှ တစ်ဦးဦးသည်

မိမိ၏ဆွလာသ်ဝတ်ပြုမှုတွင် သံသယဖြစ်ပြီး ရကအသ် မည်မျှဝတ်ပြုခဲ့သလည်း (၃)ရကအာသ်လော၊ (၄) ရကအသ်လော

ဆိုသည်ကို မသေမချာဖြစ်နေလျှင်၊ ထိုသူသည် ထိုသံသယကိုစွန့်ပယ်ပြီး သေချာသော ရကအသ်အရေအတွက်ကို အခြေခံကာ (ဆက်လက်ဝတ်ပြုရမည်)။ ထို့နောက် စလာမ်မလှည့်မီအရင်စဂ်ျဒဟ် နှစ်ကြိမ် ပြုလုပ်ရမည်

အဗူစအီးဒ်ခုဒ်ရီ(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ အကယ်၍
သင်တို့အနက်မှ တစ်ဦးဦးသည် မိမိ၏ဆွလာသ်ဝတ်ပြုမှုတွင် သံသယဖြစ်ပြီး ရကအသ် မည်မျှဝတ်ပြုခဲ့သလည်း (၃)ရကအာသ်လော၊ (၄) ရကအသ်လော ဆိုသည်ကို မသေမချာဖြစ်နေလျှင်၊
ထိုသူသည် ထိုသံသယကို စွန့်ပယ်ပြီး သေချာသော ရကအသ်အရေအတွက်ကို အခြေခံကာ (ဆက်လက်ဝတ်ပြုရမည်)။ ထို့နောက် စလာမ်မလှည့်မီအရင် စဂ်ျဒဟ် နှစ်ကြိမ်
ပြုလုပ်ရမည်။ အကယ်၍ သူသည် (၅) ရကအသ် ဝတ်ပြုခဲ့ပါက ဤစဂ်ျဒဟ်နှစ်ကြိမ်သည်
သူ၏ဆွလာသ်ကို စုံကိန်း (၆ ရကအသ်) ဖြစ်စေမည်။ အကယ်၍ သူသည် (၄) ရကအသ်
အပြည့်ဝတ်ပြုခဲ့ပါက ဤ စဂ်ျဒဟ် နှစ်ကြိမ်သည် ရှိုင်တွာန်အတွက်
နှိမ့်ကျသေးသိမ်မှု၊ အရှက်တကွဲအကျိုးနည်းမှု၏ အကြောင်းခံ ဖြစ်စေမည်။ [صحيح] [رواه مسلم]

အလ္လာဟ်အရှင်မြတ်၏ တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က ဆွလာသ်ဝတ်ပြုသူတစ်ဦးသည်မိမိဆွလာသ်တွင် မည်မျှဝတ်ပြုပြီးဖြစ်သည်ကို သံသယဖြစ်မိပြီး (၃) ရကအသ်ဝတ်ပြုခဲ့ခြင်းလား၊ သို့မဟုတ် (၄) ရကအသ် ဝတ်ပြုခဲ့ခြင်းလားဟု မသေချာမရေရာဖြစ်နေပါကသံသယဖြစ်ဖွယ် အပိုအရေအတွက်ကို စွန့်ပယ်ရမည်ဖြစ်ပြီး ထိုအပိုအရေအတွက်ကို မယူရန်ရှင်းလင်းစွာ မိန့်ကြားသွန်သင်တော်မူခဲ့သည်။ သို့ဖြစ်ရာ (၃) ရကအသ်မှာသေချာသောအရေအတွက်ဖြစ်သည်။ ထို့ကြောင့် သူသည် စတုတ္ထမြောက်ရကအသ်ကို ဆက်လက်ဝတ်ပြုပြီးစလာမ်မလှည့်မီအရင် စဂ်ျဒဟ်စဟ်ဝ် နှစ်ကြိမ်ပြုလုပ်ရမည်။ အကယ်၍ သူသည်အမှန်တကယ်အားဖြင့် (၄) ရကအသ် ဝတ်ပြုပြီးဖြစ်ခဲ့ပါက၊ နောက်ထပ်ဝတ်ပြုလိုက်သော ၁ရကအသ်ကြောင့် စုစုပေါင်း (၅) ရကအသ်ဖြစ်သွားပြီး စဂ်ျဒဟ်စဟူနှစ်ကြိမ်သည်အပိုဝတ်ပြုမိသော (၁) ရကအသ်အတွက် အစားထိုးဖြည့်ဆည်းပေးသဖြင့် ရကအသ်အရေအတွက်မှာမကိန်း (၅) မဟုတ်ဘဲ စုံကိန်း (၆) ဖြစ်သွားမည်။ သို့သော် အကယ်၍ သူသည်အပိုထပ်မံဝတ်ပြုလိုက်သော တစ်ရကအသ်ဖြင့် စုစုပေါင်း လေးရကအသ် ဝတ်ပြုပြီးဖြစ်ပါက၊သူ့အပေါ်တွင် တာဝန်ရှိသော ဆွလာသ်ကို အပို၊အလိုမရှိဘဲ၊ လိုအပ်သောရကအသ်အရေအတွက်အတိုင်း ဝတ်ပြုလိုက်ခြင်းဖြစ်သည်။ ထိုအခြေအနေတွင် စဂ်ျဒဟ်စဟ်ဝ်နှစ်ကြိမ်သည် ရှိုင်တွာန်အား နှိမ့်ကျသေးသိမ်စေခြင်း၊ ၎င်းအား နှိမ်နင်းခြင်းနှင့်၎င်း၏ရည်ရွယ်ချက်မှ ဝေးကွာစေခြင်းတို့ကို ဖြစ်စေသည်။ အဘယ့်ကြောင့်ဆိုသော်ရှိုင်တွာန်သည် ဆွလာသ်ဝတ်ပြုသူ၏ ဆွလာသ်ကို ရှုပ်ထွေးသွားစေရန်ပြုလုပ်ခဲ့ပြီး၊

http://www.sunnah.global/hadeeth/my/show/11231